ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၆ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ( ၂ ) ရက်

(၂၀၂၀ ပြည့်နှစ် ၊ စက်တင်ဘာလ ၄ ရက်)

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟုခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ

### အခန်း(၁)

### ရငွေများနှင့် သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား(၁)နှင့် (၃)တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍

ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား(၂)နှင့် (၄) တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်နယ်၏အရ ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်နယ်၏အရ

အသုံးခန့်မှန်းခြေငွေစာရင်းအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးငွေများရယူခြင်း၊ အထူးကိစ္စရပ်များအတွက် ထောက်ပံ့ငွေများရယူခြင်း၊ လိုအပ်သည့်ချေးငွေများရယူခြင်း တို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူနိုင်သည်။ အဆိုပါကိစ္စရပ်များအတွက် ပြည်နယ် လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန် အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း(၂)

## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ် အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကို သုံးစွဲခြင်း တို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါ ကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း(၃)

## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ် အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်း

နှင့် သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါ ကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ

၈။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၉။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ (က) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြည်နယ်အစိုးရအဖွဲ့သို့

တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေ ဖြင့်ဖြစ်စေ ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက် နိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ရမည့် ငွေကို သတ်မှတ်ပေးရမည်။

## အပိုင်း ၄

## စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် သုံးငွေများ

၁၁။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ် ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက် ၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၂။ (က) စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် ဇယား(၇)နှင့် (၈) တို့တွင် ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်သည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်း များတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသုံးစွဲနိုင်သည်။ ထိုသို့

ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

၁၃။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၅

## အရေးပေါ်ရန်ပုံငွေ

၁၅။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ဇယား(၄)တွင် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့်

သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များ အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ(က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်ထောင်စုအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေမှရငွေ | အတိုးရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ | ပြည်ထောင်စုဝန်ကြီးချုပ် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၇၀၀၀.၆၅၅ | | | ၅၀၀၀.၀၀၀ | | | | | | ၃၂၀၀၀.၆၅၅ |
| ၂ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၂.၀၀၀ | | | | | | | | | ၁၂.၀၀၀ |
| ၃ | ပြည်ထောင်စုတရားလွှတ်တော် | ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၈၀.၁၄၂ | | | | | | | | | ၁၈၀.၁၄၂ |
| ၄ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | | | ၀.၂၆၇ | | | | | | | | | ၀.၂၆၇ |
| ၅ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၂.၅၁၀ | | | | | | | | | ၂.၅၁၀ |
| | ပေါင်း | | | | ၂၇၁၉၅.၅၇၄ | | | ၅၀၀၀.၀၀၀ | | | | | | ၃၂၁၉၅.၅၇၄ |

ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၄၆၉.၅၅၄ | | | ၅၀၀၀.၀၀၀ | ၅၈၄၅၃.၃၆၈ | | | | ၇၀၉၂၂.၉၂၂ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၁၀၂.၄၀၀ | | | | ၁၃၁.၀၅၀ | | | | ၁၂၃၃.၄၅၀ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၀.၅၀၀ | | | | | | | | ၆၀.၅၀၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၂၅၅.၇၇၀ | | | | ၅၁၄.၃၈၉ | | | | ၁၇၇၀.၁၅၉ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၀၉၀.၄၂၄ | | | | ၂၈၅.၆၃၅ | | | | ၂၃၇၆.၀၅၉ |
| | ပေါင်း | | ၁၁၉၇၈.၆၄၈ | | | ၅၀၀၀.၀၀၀ | ၅၉၃၈၄.၄၄၂ | | | | ၇၆၃၆၃.၀၉၀ |

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အရေးပေါ် ရန်ပုံငွေမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြေးမြီ: ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၂၃၆.၉၀၁ | | | | | | | | | | | ၁၂၃၆.၉၀၁ |
| ၁ | ယစ်မျိုးခွန် | | ၁၂၃၆.၉၀၁ | | | | | | | | | | | ၁၂၃၆.၉၀၁ |
| ၂ | နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၁၂၃၇.၆၃၀ | | | | | | | | | | | ၁၂၃၇.၆၃၀ |
| ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၆၆၀.၃၂၄ | | | | | | | | | | | ၆၆၀.၃၂၄ |
| ၂ | ရေခွန်နှင့် တာတမံခွန် | | ၆၆.၁၃၅ | | | | | | | | | | | ၆၆.၁၃၅ |
| ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၃၃.၄၃၀ | | | | | | | | | | | ၁၃၃.၄၃၀ |
| ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် | | ၃၆၆.၁၀၁ | | | | | | | | | | | ၃၆၆.၁၀၁ |
| ၅ | အင်းအိုင်ခွန် | | ၁၁.၆၀၀ | | | | | | | | | | | ၁၁.၆၀၀ |
| ၃ | စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့်အခွန် | ၎င်း | ၁၄၈၆.၇၅၈ | | | | | | | | | | | ၁၄၈၆.၇၅၈ |
| ၁ | ပစ္စည်းခွန် | | ၁၁၁၂.၁၆၅ | | | | | | | | | | | ၁၁၁၂.၁၆၅ |
| ၂ | ဘီးခွန် | | ၃၇၄.၅၉၃ | | | | | | | | | | | ၃၇၄.၅၉၃ |
| ၄ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | | | | | | | | | | | | | |

# ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၃)။ ။ အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အရေးပေါ်ရန်ပုံငွေမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၆၇.၀၀၀ | | | | | | | | ၆၇.၀၀၀ |
| ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၆၇.၀၀၀ | | | | | | | | ၆၇.၀၀၀ |
| ၆ | ပြည်ထဲရေး | ၎င်း | | | | ၈.၂၅၀ | | | | | | | | ၈.၂၅၀ |
| ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | | ၀.၁၀၀ | | | | | | | | ၀.၁၀၀ |
| ၂ | မီးသတ်ဦးစီးဌာန | | | | | ၈.၁၅၀ | | | | | | | | ၈.၁၅၀ |
| ၇ | စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန | ၎င်း | | | ၁၀၀၀.၀၀၀ | ၀.၆၂၈ | | ၂၈၂၀၄၅.၇၇၇ | | | | | | ၂၈၃၀၄၆.၃၈၅ |
| ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၀.၄၆၆ | | | | | | | | ၀.၄၆၆ |
| ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | ၀.၁၅၀ | | | | | | | | ၀.၁၅၀ |
| ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၁၀၀၀.၀၀၀ | ၀.၀၁၂ | | ၂၈၂၀၄၅.၇၇၇ | | | | | | ၂၈၃၀၄၅.၇၈၉ |
| ၈ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | | | | ၀.၅၀၀ | | | | | | | | ၀.၅၀၀ |
| ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | | ၀.၅၀၀ | | | | | | | | ၀.၅၀၀ |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၎င်း | | | | ၄၀၀.၃၄၅ | | | | | | | | ၄၀၀.၃၄၅ |
| ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | | ၁၁၂.၇၂၀ | | | | | | | | ၁၁၂.၇၂၀ |
| ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | | ၅.၂၉၂ | | | | | | | | ၅.၂၉၂ |
| ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | | ၂၆၈.၂၃၀ | | | | | | | | ၂၆၈.၂၃၀ |
| ၄ | သမဝါယမဦးစီးဌာန | | | | | ၆.၈၀၃ | | | | | | | | ၆.၈၀၃ |
| ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | | ၇.၃၀၀ | | | | | | | | ၇.၃၀၀ |
| ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | | | | ၁၅.၉၆၀ | | | | | | | | ၁၅.၉၆၀ |
| ၁ | သစ်တောဦးစီးဌာန | | | | | ၁၁.၅၇၀ | | | | | | | | ၁၁.၅၇၀ |
| ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | ၀.၂၀၀ | | | | | | | | ၀.၂၀၀ |
| ၃ | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ | | | | | ၄.၁၉၀ | | | | | | | | ၄.၁၉၀ |
| ၁၁ | ကျန်းမာရေးနှင့် အားကစား | ၎င်း | | | | ၁၀၀.၅၅၆ | | | | | | | | ၁၀၀.၅၅၆ |
| ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | | ၁၀၀.၅၅၆ | | | | | | | | ၁၀၀.၅၅၆ |
| ၁၂ | ဆောက်လုပ်ရေး | ၎င်း | | | | ၂၇၈.၁၁၃ | | | | | | | | ၂၇၈.၁၁၃ |
| ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၁၇၇.၁၅၃ | | | | | | | | ၁၇၇.၁၅၃ |
| ၂ | လမ်းဦးစီးဌာန | | | | | ၉၆.၄၆၀ | | | | | | | | ၉၆.၄၆၀ |
| ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၄.၅၀၀ | | | | | | | | ၄.၅၀၀ |
| | ပေါင်း | | ၃၉၆၀.၂၈၉ | | ၁၀၀၀.၀၀၀ | ၈၇၂.၁၅၃ | | ၂၈၂၀၄၅.၇၇၇ | | | | | | ၂၈၇၈၇၉.၁၉၉ |

ဇယား(၄)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၆၆၈၂.၂၁၇ | | | ၁၅.၀၀၀ | ၂၅၀၀.၀၀၀ | | | | ၁၉၁၉၇.၂၁၇ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၆၆၈၂.၂၁၇ | | | ၁၅.၀၀၀ | ၂၅၀၀.၀၀၀ | | | | ၁၉၁၉၇.၂၁၇ |
| ၂ | | ပြည်ထဲရေး | ၎င်း | ၇၅၇၅.၅၁၀ | | | | ၃၉၆၉.၇၄၀ | | | | ၁၁၅၄၅.၂၅၀ |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၇၉.၃၅၈ | | | | ၄၈၂.၃၄၀ | | | | ၈၆၁.၆၉၈ |
| | ၂ | မီးသတ်ဦးစီးဌာန | | ၇၁၉၆.၁၅၂ | | | | ၃၄၈၇.၄၀၀ | | | | ၁၀၆၈၃.၅၅၂ |
| ၃ | | စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန | ၎င်း | ၂၁၃၇.၃၄၇ | ၁၀၀၀.၀၀၀ | | | ၉၅၃.၃၆၇ | | | | ၄၀၉၀.၇၁၄ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၇၁၀.၄၉၂ | | | | ၈၄၉.၅၈၂ | | | | ၂၅၆၀.၀၇၄ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၂၂.၈၄၇ | | | | ၁.၃၅၀ | | | | ၁၂၄.၁၉၇ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၃၀၄.၀၀၈ | ၁၀၀၀.၀၀၀ | | | ၁၀၂.၄၃၅ | | | | ၁၄၀၆.၄၄၃ |
| ၄ | | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | ၉၁.၃၃၇ | | | | ၂၄.၃၃၀ | | | | ၁၁၅.၆၆၇ |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၉၁.၃၃၇ | | | | ၂၄.၃၃၀ | | | | ၁၁၅.၆၆၇ |
| ၅ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၎င်း | ၁၀၂၂၂.၆၇၂ | | | | ၁၇၅၆.၈၂၂ | | | | ၁၁၉၇၉.၄၉၄ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၇၀၂၄.၅၂၆ | | | | ၆၇၉.၉၈၆ | | | | ၇၇၀၄.၅၁၂ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၁၀.၁၇၈ | | | | ၁၂၇.၃၈၅ | | | | ၃၃၇.၅၆၃ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၃၄၁.၃၉၈ | | | | ၆၄၄.၈၆၅ | | | | ၁၉၈၆.၂၆၃ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁၃၈၈.၉၇၉ | | | | ၁၉၀.၂၅၀ | | | | ၁၅၇၉.၂၂၉ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၅၇.၅၉၁ | | | | ၁၁၆.၃၃၆ | | | | ၃၇၃.၉၂၇ |
| ၆ | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၃၄၀၁.၁၂၀ | | | | ၁၃၅၉.၉၆၄ | | | | ၄၇၆၁.၀၈၄ |
| | ၁ | သစ်တောဦးစီးဌာန | | ၂၈၅၆.၅၆၀ | | | | ၈၃၂.၅၂၄ | | | | ၃၆၈၉.၀၈၄ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၅၀၄.၈၅၄ | | | | ၅၂၇.၄၃၀ | | | | ၁၀၃၂.၂၈၄ |
| | ၃ | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ | | ၃၉.၇၀၆ | | | | | | | | ၃၉.၇၀၆ |
| ၇ | | ကျန်းမာရေးနှင့် အားကစား | ၎င်း | ၂၈၅၇.၃၈၈ | | | | ၃၉၈၀.၀၀၀ | | | | ၆၈၃၇.၃၈၈ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၂၈၅၇.၃၈၈ | | | | ၃၉၈၀.၀၀၀ | | | | ၆၈၃၇.၃၈၈ |
| ၈ | | ဆောက်လုပ်ရေး | ၎င်း | ၄၂၀၇၄.၃၃၀ | | | | ၉၀၇၃၃.၃၃၆ | | | | ၁၃၂၈၀၇.၆၆၆ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၈၃၀.၈၄၄ | | | | ၃၅၇၇.၅၀၀ | | | | ၄၄၀၈.၃၄၄ |
| | ၂ | လမ်းဦးစီးဌာန | | ၃၈၆၉၉.၅၅၂ | | | | ၆၃၃၉၅.၀၀၀ | | | | ၁၀၂၀၉၄.၅၅၂ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၅၄၃.၉၃၄ | | | | ၂၃၇၆၀.၈၃၆ | | | | ၂၆၃၀၄.၇၇၀ |
| ၉ | | ကုန်တင်ကုန်ချကော်မတီရုံး | ၎င်း | ၁၂.၆၄၀ | | | | | | | | ၁၂.၆၄၀ |
| | | ပေါင်း | | ၈၅၀၅၃.၅၆၂ | ၁၀၀၀.၀၀၀ | | ၁၅.၀၀၀ | ၁၀၄၂၇၉.၅၁၈ | | | | ၁၉၀၃၄၈.၀၈၀ |

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန် ရငွေ | အရေးပေါ် ရန်ပုံငွေ မှရငွေ | အတိုး ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေ မှရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပအကူ အညီ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | ၃၀.၀၀၀ | | | | | | | | | ၃၀.၀၀၀ |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃၀.၀၀၀ | | | | | | | | | ၃၀.၀၀၀ |
| | | ပေါင်း | | | | ၃၀.၀၀၀ | | | | | | | | | ၃၀.၀၀၀ |

ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၅.၀၀၀ | | | | ၄၁၁၀၀.၀၀၀ | | | | ၄၁၁၀၅.၀၀၀ |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅.၀၀၀ | | | | ၄၁၁၀၀.၀၀၀ | | | | ၄၁၁၀၅.၀၀၀ |
| | | | ပေါင်း | ၅.၀၀၀ | | | | ၄၁၁၀၀.၀၀၀ | | | | ၄၁၁၀၅.၀၀၀ |

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အရေးပေါ် ရန်ပုံငွေ မှရငွေ | အတိုး ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေ မှရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပအကူ အညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူ ရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၉၈၇၅.၅၄၃ | | | | ၀.၀၂၀ | | | | | ၁၉၈၇၅.၅၆၃ |
| | | ပေါင်း | | | ၁၉၈၇၅.၅၄၃ | | | | ၀.၀၂၀ | | | | | ၁၉၈၇၅.၅၆၃ |

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၆၀၅.၃၈၃ | | | | ၂၁၅၅၈.၇၈၃ | | | | ၃၁၁၆၄.၁၆၆ |
| | | ပေါင်း | ၉၆၀၅.၃၈၃ | | | | ၂၁၅၅၈.၇၈၃ | | | | ၃၁၁၆၄.၁၆၆ |